
ဘာသာပြန်စာရေးဆရာ - ကြွေရှက်ဝါ
(ရဲရှောင်)
မိုးကောင်းကင်အောက်မှကလဲ့စား
စာစဉ် - ၁

# Chapter - 1

"အကယ်၍ နောက်ဘဝမှာ ငါ့ဓားကိုသာ ပြန်ကိုင်ခွင့် ရခဲ့မယ်ဆိုရင် မကောင်းဆိုးဝါးတွေ အကုန်လုံးကို သတ်ဖြတ်ပစ်ပြီး မိုးကောင်းကင် တစ်ခွင်လုံး ကြားအောင် ဟားတိုက် ရယ်မောပစ်ချင်တယ်"

"ဝုန်း ..."

ထိုအသံကြီးသည် ကမ္ဘာမြေကြီး တစ်ခုလုံးအား တုန်လှုပ်သွားစေ သကဲ့သို့ပင် ကျယ်လောင်စွာဖြင့် မြည်ဟည်း သွားပါသည် ။

အလွန် ကြီးမားလှသည့် တောင်ကြီး တစ်ခုသည် အစိတ်စိတ်အမြွှာမြွှာ ပေါက်ကွဲသွားပြီး ကျောက်တုံး အပိုင်းအစများ သည် လေထဲသို့ လွင့်ပျံ့ကုန်ကြသည် ။ ပေါက်ကွဲ ထွက်သွားသည့် အရှိန်ကြောင့် ဖုန်မှုန့်များ သည် တိမ်တိုက်များ သဖွယ် ဖြစ်တည်သွားပြီး ပတ်ဝန်းကျင် တစ်ခုလုံးအား မှုန်မှိုင်း သွားစေခဲ့သည် ။

ရုတ်တရက် ဆိုသလိုပင် တိမ်တိုက်သဖွယ် ဖြစ်တည်နေသော အဆိုပါ ဖုန်မှုန့်များကြားမှ လူရိပ် ပုံသဏ္ဍာန် တစ်ခုသည် ကျယ်လောင်သော အော်မြည်သံနှင့် အတူ ထွက်ပေါ် လာခဲ့သည် ။ ထိုပုံရိပ်သည် မုန်တိုင်းကြားမှ မိုးကြိုးလျှပ်စီး ကဲ့သို့ တောက်ပ ဖြာထွက်နေသော အလင်းရောင် များ နှင့်အတူ ထွက်ပေါ် လာပြီး အရှေ့ဘက်သို့ လျင်မြန်စွာဖြင့် ပျံသန်း သွားလေသည် ။ ပျံသန်းမှု အရှိန်သည် မြန်ဆန်လွန်း လှ

သည့်အတွက် သူသွားရာ လမ်းတစ်လျှောက်တွင် ဖုန်မှုန့်တန်းကြီး ထသွားပုံသည် တရုတ်နဂါးကြီး တစ်ကောင် အရှေ့ဘက်ဆီသို့ တွားသွားနေသည့် ပုံသဏ္ဍာန် နှင့်ပင် တူနေပေသည် ။

ထိုပုံရိပ်၏ နောက်တွင် လူအုပ်ကြီး တစ်စုသည် တိမ်တိုက်များ ကြားတွင် ထက်ကြပ်မကွာ လိုက်နေကြ သောကြောင့် ရှည်လျားလှသော အငွေ့အတန်းကြီးပင် ဖြစ်ပေါ်နေသည် ။ ထိုလူအုပ်ကြီးသည် သူတို့ ၏ ရှေ့မှ လူနောက်သို့ အသိစိတ် ကင်းမဲ့နေသည့် အရူးတစ်ယောက် ကဲ့သို့ပင် သဲကြီးမဲကြီးဖြင့် လိုက်နေခြင်း ဖြစ်သည် ။

"လူဆိုးဂိုဏ်းကြီး သုံးအုပ်စုတောင် တစ်အုပ်စုတည်း ပေါင်းစည်းသွားကြပြီပေ့ါ။ စုစုပေါင်း သိုင်းသမား (၃၄၉၆)ယောက်တောင်မှ မိုင်ပေါင်း (၃၇၀၀၀)လောက် ဖြတ်ပြီး ငါ့ကိုဖမ်းဖို့ အတွက် လိုက်လာကြတယ် အဟက် ... မင်းတို့ ကောင်တွေက ငါ့ကိုရှင်းပစ်ဖို့ အဲဒီလောက်တောင် ကြိုးစားအားထုတ် နေကြတယ်ပေ့ါလေ"

ရှေ့မှ ပျံသန်းနေသော ရဲရှောင်သည် ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ရုတ်တရက် မတ်တတ် ရပ်လိုက်ပြီး ကျယ်လောင်စွာ ဟားတိုက် ရယ်မောလိုက်သည် ။ သူ၏ လက်မှ ချွန်ထက်လှသော ဓားတစ်ချောင်းအား အရှိန်အဟု န် အပြည့်ဖြင့် ပစ်လွှတ်လိုက်သည် ။ သူပစ်လွှတ်လိုက်သည့် အရှိန်သည် လျင်မြန်လွန်း လှသည့်အတွက် ကောင်းကင်ကြီး တစ်ခုလုံးတွင် အလင်းတန်းများ ဖြင့် ထိန်လင်းသွားသည် ။

သူ့တွင် ရှိသည့် နောက်ဆုံး စွမ်းအားကို အသုံးပြု လိုက်ခြင်းပင် ဖြစ်သည် ။

ရဲရှောင် ပစ်လွှတ်လိုက်သည့် ဓားသည် တောက်ပသော အလင်းတန်းနှင့် အတူ လူအုပ်ကြီး အတွင်းသို့ လျှပ်စီးကဲ့သို့ပင် လျင်မြန်

စွာ ပျံသန်း သွားခဲ့သည် ။ လူအုပ်ကြီးထဲမှ လူအချို့သည် ချောက်ချား ဖွယ် ကောင်းသည့် ဝိုကြွေးသံများ နှင့် အတူ တစ်ယောက်ပြီး တစ်ယော က် လဲကျ သွားခဲ့ကြသည် ။ ထို့ပြင် ခြေလက်များ ပြတ်ထွက်သွားကာ မြေပြင်ပေါ်သို့ သွေးရူး သွေးတန်းဖြင့် လဲကျသွားသည့် လူများ သည် လ ည်း မရေမတွက် နိုင်အောင်ပင် ဖြစ်သည် ။

ရဲရှောင်၏ ဒဏ်ရာသည် လည်း သွေးများ အဆမတန် ထွက်လာခဲ့ ပြီး သူ၏ နောက်ဆုံးကျန်ရှိ နေသည့် စွမ်းအားကို အသုံးပြု လိုက်ရသည့် အတွက် ပျံပင်မပျံသန်း နိုင်တော့ပေ။

မြင့်မားလှသည့် တောင်ကြီး တစ်ခုကဲ့သို့ ကြံ့ခိုင်စွာ တည်ရှိနိုင်ခြင်း၊ ကြီးကျယ်ခမ်းနား လှသည့် သက်တံကြီး တစ်ခုကဲ့သို့ မြဲမြံစွာ ရပ်တည်နို င်ခြင်း၊ မုန်တိုင်း တစ်ခုကဲ့သို့ ပြင်းထန်စွာ လုပ်ဆောင်နိုင်ခြင်း၊ မိုးကြိုး လျှပ်စီး ပစ်သကဲ့သို့ လျင်မြန်စွာ လှုပ်ရှား စွမ်းဆောင်နိုင်ခြင်း စသည့် စွမ်းဆောင်ရည်များအား တာအိုမူလ အဆင့် ကျင့်ကြံပြီးသည့် သူများ သာ လုပ်ဆောင် နိုင်ကြပါသည် ။

ရဲရှောင်သည် တာအိုမူလ အဆင့် ကျင့်ကြံသူများ ကြားတွင် စွမ်း အား အကြီးဆုံး ဖြစ်သော်လည်း နောက်ဆုံး ကျန်ရှိသည့် စွမ်းအားဖြင့် အံ့ဩ မှ င်တက်ဖွယ် ကောင်းသည့် ဓားချက်ကို ပစ်လွှတ်ပြီး နောက်ပိုင်း တွင် သူ၏ စွမ်းအားသည် ကျည်မရှိတော့သည့် သေနတ်တစ်လက် ကဲ့သို့ပင် ဖြစ်နေခဲ့သည် ။ ယခုလက်ရှိတွင် ရဲရှောင်သည် လောင်စာ မရှိ တော့သည့် မီးအိမ် တစ်ခုကဲ့သို့ ဖြစ်နေပြီး ပျံသန်းရန် အတွက်ပင် အား အင်များ ကုန်ခန်းလျက် ရှိသည် ။ ရဲရှောင် မြေပြင်ပေါ် ဆင်းသက်လိုက် သည့် အချိန်တွင် ခြေဖဝါးအောက်ရှိ ကျောက်တုံးများ သည် ပင် သူ၏ သွေးစက်များကြောင့် စွန်းထင်းကုန်သည် ။

ရဲရှောင်သည် အလွန်အမင်း အားအင်ချည့်နဲ့ နေသော်လည်း သူ၏ မျက်လုံးများ သည် မထီမဲ့မြင် အမူအရာများ ဖြင့် ပြည့်နှက်နေပြီး လူအုပ်ကြီးအား ကြည့်ရင်း လှောင်ပြောင်ဟားတိုက် ရယ်မောလိုက်သည် ။

"ဟမ့် ... ဒီနေ့က ငါ့ဘဝရဲ့ နောက်ဆုံးနေ့ ဖြစ်ခဲ့ရင်တောင်၊ ငါလို ဧကရာဇ် တစ်ယောက်က အောင်မြင်မှု မရဘဲ ရှုံးနိမ့်ခဲ့ရင် တောင်မှ မင်းတို့ ကောင်တွေ ဒီနေရာမှာ အသက်ရှင် ကျန်နေရစ်မယ်လို့ ထင်နေကြတယ် ပေါ့လေ"

ရဲရှောင် ရပ်နေသည့် နေရာသည် မြင့်မားလှသည့် တောင်ကြီး၏ ထိပ်တွင် ဖြစ်သည် ။

အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ နေရသော ယခုလို ကျပ်တည်းသည့် အခြေအနေမှာ ပင် ရဲရှောင်၏ အကြည့်များ သည် ကောင်းကင်ပေါ်မှ ဘုရင်တစ်ပါး၏ အကြည့်များ ကဲ့သို့ပင် မထီမဲ့မြင်နိုင်လျက် ရှိသည် ။

ရဲရှောင်၏ စကားများကို ကြားသိရသည့်တိုင် ရာနှင့်ချီသော ပညာရှင်များ သည် သူ၏ ရှေ့မှ ထွက်ခွာမသွားဘဲ မတ်တတ်ရပ် နေတုန်းကြပင်။ သူတို့ သည် သံသယ မျက်လုံးများ ဖြင့် ရဲရှောင်အား ကြည့်လိုက်ကြသည် ။

ထိုလူများ ၏ အနောက် အတော်ဝေးဝေး မျက်စိဖြင့်ပင် လှမ်းကြည့်၍ မမြင်နိုင်သည့် နေရာတွင် မရေမတွက်နိုင်အောင် များ ပြားလှသည့် လူသေကောင် အလောင်းများ ဖြင့် ပြည့်နှက်လျက် ရှိသည် ။ ထိုအချိန်တွင် မမျှော်လင့်ဘဲ လေပြင်းတစ်ခု တိုက်ခတ် လာသောကြောင့် သွေးအလိမ်းလိမ်းဖြင့် ပေကျံနေသော ခေါင်းပြတ်များ သည် လိမ့်လာကြသည် ။

ရဲရှောင်အား လိုက်လံ သတ်ဖြတ်ခြင်း အတွက် သူတို့ ပေးဆပ် ရသည့် တန်ဖိုးမှာ မိုင်ပေါင်းထောင်ချီ ရှည်လျားသည့် တောင်များ မြစ်များ

ပေါ်တွင် ဖုံးလွှမ်းနေသည့် အသားစများ နှင့် သွေးများ သည် သက်သေ ထူလျက် ရှိသည် ။

ရှောင်ဧကရာဇ်(ရဲရှောင်)သည် သူ၏ နောက်ဆုံး အခြေအနေသို့ ရောက်ရှိနေပြီး ထွက်ပြေး နိုင်စွမ်းပင် မရှိတော့ချေ။ သို့သော် မည်သူ တစ်ဦးတစ်ယောက် ကမှ ရှေ့သို့ ခြေတစ်လှမ်းမျှပင် မတိုးရဲကြပေ။

ထိုကဲ့သို့သော အခြေအနေတွင် ရှေ့တစ်လှမ်း တိုးလိုက်သည် နှင့် တစ်ပြိုင်နက် ရဲရှောင်သည် မည်သူ့ကိုမျှ အရှင်မထားဘဲ သတ်ပစ်နိုင်သည် ကို သူတို့ အားလုံး ရှင်းရှင်းလင်းလင်း သိနေခြင်းကြောင့်ပင် ဖြစ်သည် ။

သူတို့ အားလုံး၏ ရှေ့တွင် ရပ်နေသည့် သူသည် အခြားသူမဟုတ် ရှောင်ဧကရာဇ် တစ်ယောက်ပင် မဟုတ်ပါလော။ ရဲရှောင်သည် ကောင်းကင်နယ်ပယ် အားလုံး၏ ဧကရာဇ်တစ်ပါး ဖြစ်သောကြောင့် သူတို့ အားလုံး အပေါ် မထီမဲ့မြင် ဆက်ဆံနိုင် နေသည် မှာ အံ့သြစရာတော့ မရှိပေ။

ရဲရှောင်အား လိုက်လံ သတ်ဖြတ်ရန် အတွက် ဂိုဏ်းကြီးသုံးဂိုဏ်းမှ ပညာရှင် (၃၄၉၆)ယောက်သည် မိုင်ပေါင်း (၃၇၀၀၀)ခန့်ကို ခရီး အပြင်းနှင်ခဲ့ရုံ သာမက သူတို့ ဖြတ်သန်းခဲ့ သမျှ အနီးနားရှိ တောင်များ ၊ မြစ်များအား ပျက်စီး စေခဲ့သည် ။ ရဲရှောင်သည် ထိုအဖွဲ့ထဲမှ လူများအား စိတ်ရှိတိုင်း သတ်ဖြတ်ပစ်ခဲ့ပြီး အကျအဆုံး များ စေခဲ့သည် ။ ထိုကဲ့သို့သော ဧကရာဇ် တစ်ပါးအား မည်သူက မထီမဲ့မြင် ပြုရဲမည်လော။ ရဲရှောင်အတွက် နောက်ဆုံး နေဝင်ချိန် ရောက်နေသည့် အချိန်မျိုးမှာ ပင် မည်သူတစ်ဦး တစ်ယောက်ကမျှ စိန်ခေါ်မှု မပြုရဲဝံ့ကြပေ။

"ရှောင်ဧကရာဇ် ... ရှောင်ဧကရာဇ် ... မင်းသာ ငါတို့ ကို ဆန့်ကျင်ပြီး ဒုက္ခမပေးခဲ့ဘူး ဆိုရင် မင်းကို ဖမ်းဖို့ အတွက် ငါတို့ ဂိုဏ်း သုံးခု

လည်း အခုလို ပေါင်းစည်းစရာ လိုမှာ မဟုတ်ဘူး "

အုပ်စုထဲမှ ပညာရှင် အဘိုးအို တစ်ဦးသည် လေးတွဲ့စွာဖြင့် သက်ပြင်း ချလိုက်ပြီး ...

"ဒီလို ထင်ရှား ကျော်ကြားတဲ့ ရှောင်ဇကေရာဇ် တစ်ပါးက ဘာကြောင့် ငါတို့ ကို ဆန့်ကျင်ပြီး ငါတို့ ကို သတ်ချင် နေရတာလဲ ဒုက္ခပေးချင် နေရတာလဲ ... နှစ်ဖက်လုံးအတွက် အကျိုးမရှိ နစ်နာစေတဲ့ ကိစ္စကောင်းကွက် တစ်ခုမှ မရှိတဲ့ ကိစ္စကို သူဘာလို့ ဆက်လုပ်ချင် နေရတာလဲ ငါဖြင့် နားကို မလည်နိုင်တော့ဘူး ..."

နောက်ဆုံးတွင် ဂိုဏ်းကြီး သုံးခုသည် ရဲရှောင်အား သတ်ပစ်နိုင်သည့် အခွင့်အရေး ရရှိခဲ့သော်လည်း သူတို့ ပေးဆပ် ခဲ့ရသည့် ဆုံးရှုံးမှုများ သည် မယုံနိုင်စရာပင်။ ပြင်းထန်လှသည့် တိုက်ပွဲအတွက် သူတို့ ၏ စစ်သည် တော် ကိုးဆယ် ရာခိုင်နှုန်းခန့် ကျဆုံးသွားခဲ့ ရသည် မဟုတ်ပါလော။ ထိုအရေးအတွက် ပမာဏသည် သူတို့ ဂိုဏ်းကြီးသုံးခု အတွက် နောက်နှစ်ပေါင်း (၁၀၀၀) အတွင်း ပြန်လည် စုဆောင်းနိုင်ရန် မလွယ်ကူလှချေ။

ထိုကဲ့သို့ လူအင်အား အများ အပြား ဆုံးရှုံးလိုက်ရသည့် အတွက် ဂိုဏ်းကြီး သုံးခုသည် ယခင် ချင်းရန် နယ်ပယ်တွင် အင်အား အကြီးဆုံး ဖြစ်ခဲ့သော်လည်း ယခုအခါတွင် အခြေအနေ မကောင်းနိုင်တော့ပေ။ ထို့ပြင် ကျားများမှ သားကောင်ကို စားသောက်ရန် ချောင်းမြောင်းနေ သကဲ့သို့ သူတို့ ၏ လက်အောက်ခံ များကလည်း ပုန်ကန်ရန် ချောင်းမြောင်း ကြိုးစားလျက် ရှိကြသည် ။

ဖြစ်ပျက်ခဲ့သည့် အရာများ အားလုံးအတွက် ဂိုဏ်းကြီးသုံးခု အနေဖြင့် စဉ်းစား မရအောင်ပင် ဖြစ်နေကြသည် ။ ရှောင်ဇကေရာဇ်နှင့်

အခုကဲ့သို့ ကြောက်မက်ဖွယ် ကောင်းသည့် ပြဿနာကို ဖြစ်စေခဲ့သည့် အကြောင်းအရင်းအား သူတို့ နားမလည်နိုင်အောင် ဖြစ်နေကြသည် ။ ထိုကိစ္စသည် မည်သူ တစ်ဦးတစ်ယောက် အတွက်မျှ အကျိုးမရှိဘဲ ဒုက္ခ များ သာ ဖြစ်စေခဲ့သည် မဟုတ်ပါလား။

ရှောင်ဇေကရာဇ်မှာ မူ သူ၏ အကျင့်အတိုင်း မည်သည့်အရာကိုမှ ဂရု မစိုက် မထိမဲ့မြင် အမူအရာမျိုးဖြင့် အပေါ်စီးကနေ ဆက်ဆံ နေတုန်းပင် ဖြစ်သည် ။

ရဲရှောင်သည် ခနဲ့ တဲ့ တဲ့ ဖြင့် လှောင်ရယ်လိုက်ပြီး ...

"ကျုပ်ဘာကြောင့် ဒီလို လုပ်တာလဲ ဘာကြောင့်လဲ ဆိုတာ ခင်ဗျား တို့ တကယ် မသိဘူးလား ဟားဟား ..."

ရဲရှောင်သည် ရင်ဘတ်ထဲမှ ကိုယ်တွင်း ကလီစာတွေပင် မြင်နေရသ ည့် ဟောင်းလောင်းပေါက် ဒဏ်ရာကြီးအား ငုံ့ကြည့်ရင်း အေးစက်သော လေသံဖြင့် ...

"ကိစ္စတော့ မရှိပါဘူး ခင်ဗျားတို့ ဂိုဏ်းသုံးခုလုံးက ညစ်ပတ် စုတ်ပြတ် မကောင်းတဲ့ ကိစ္စ မှန်သမျှ လုပ်နေကျပဲ ကျုပ်အနေနဲ့ အဲဒီ အပေါ် ဗွေမယူပါဘူး ..."

"ခင်ဗျားတို့ တွေ ကျင့်စဉ်တွေရဲ့ အရင်းအမြစ်တွေကို သိမ်းပိုက် တယ်၊ စွမ်းအား အရင်းအမြစ်တွေကို ပြောင်းလဲတယ် ပြီးတော့ တန်ဖိုး ရှိတဲ့ လေ့ကျင့်ရေး ပစ္စည်းတွေကို လက်ဝါးကြီး အုပ်တယ်၊ ချင်းရန်နယ် ပယ်မှာ အင်အားကြီးဖို့ အတွက် သီးခြား ခွဲထွက်နေတဲ့ ပညာရှင်တွေကို လည်း စည်းရုံး သိမ်းသွင်းတယ်။ ခင်ဗျားတို့ ရဲ့ လုပ်ရပ်က သိပ်ကို အော က်တန်းကျပြီး စက်ဆုပ်ဖို့ ကောင်းတယ်၊ အဲဒီ အချက်တွေကြောင့် ကျုပ် ခင်ဗျားတို့ ကို ရွံတယ် ... ကျုပ် အဲဒီအချက်တွေကို ပြုပြင်ရမယ် ..."

"မဟုတ်သေးဘူး ရှောင်ဧကရာဇ် ... မဟုတ်သေးဘူး ... မင်းမှားနေပြီ။ ဟောဒီ လောကကြီးမှာ ကိုယ်ကျင့်တရား ကောင်းမွန်တဲ့ သူပဲ တန်ဖိုးရှိတဲ့ ရတနာတွေကို ပိုင်ဆိုင်နိုင်တာ။ အဲဒီ သီးခြား ခွဲထွက်နေတဲ့ ပညာရှင်တွေကလည်း နည်းဥပဒေ၊ ဥပဒေသတွေ အတိုင်း လိုက်နာသင့်တယ်။ ငါတို့ လုပ်တာ ဘာအမှားမှ မရှိဘူး"

"ဘာ ... ဟားဟား"

ရဲရှောင် အားရပါးရပင် ဟားတိုက်ရယ်မော ပစ်လိုက်ရင်း ...

"ကိုယ်ကျင့်တရားလို့ ခင်ဗျားကြီး ပါးစပ်က ပြောလိုက်သလားလို့ ... ဟုတ်လား ... ကမ္ဘာပေါ်မှာ ရှိတဲ့ တန်ဖိုးရှိတဲ့ ရတနာတွေကို ဘယ်သူမှ လက်ဝါးကြီးအုပ် သိမ်းပိုက်လို့ မရဘူး။ အေး ... ဘယ်သူပဲ ဖြစ်ဖြစ် အဲဒီ ရတနာတွေကို အတင်းအကျပ် လုယူလို့ မရဘူး သူနဲ့ ထိုက်တန်တဲ့ သူပဲ ပိုင်ဆိုင်ခွင့် ရှိတယ်။ ပိုင်ဆိုင်ခွင့် ရှိလို့ ပိုင်ဆိုင် ရတာကို ငါလက်ခံတယ်။ ဒါပေမဲ့ ခင်ဗျားက အံ့ဖွယ်တောင်တွေကို ထိန်းချုပ်ဖို့ အတွက် အပြစ်မရှိတဲ့ လူသန်းပေါင်း များ စွာကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တယ်။ စွမ်းအားတွေကို ကျင့်ကြံဖို့ အတွက် ဝိညာဉ်တွေကို အသုံးချခဲ့တယ်။ နောက်ပြီး ကြွယ်ဝချမ်းသာတဲ့ မြို့ကြီးတွေကို သေခြင်းတရားတွေ၊ ခြောက်ကပ်ခြင်းတွေ ပြည့်နှက်နေတဲ့ သုံးစားမရတဲ့ မြို့တွေဖြစ်အောင် လုပ်ပစ်တယ်။ ပြီးရင် အဲဒီမြို့တွေက နဂိုကတည်းက ကပ်ရောဂါတွေကြောင့် ပျက်စီးနေတာပါ ဆိုပြီး ခင်ဗျားမှာ အပြစ်မရှိသလို ဟန်ဆောင်မယ် ပြီးတော့မှ သူရဲကောင်း လုပ်ပြီး ကယ်တင်ချင်ယောင် ဆောင်မယ်။ ဒီ နှ စ် တွေ မှာ ခင်ဗျား လူစိတ်မရှိ သတ်ဖြတ် နေတာတွေ၊ သူတော်ကောင်းဟန် ဆောင်နေတဲ့ ကိစ္စတွေ ဘယ်နှကြိမ်လောက်များ ကျူးလွန်ဖို့ စိတ်ကူး နေတာလဲ။ ဒါနဲ့ များ ခင်ဗျားပါးစပ်က ကိုယ်ကျင့်

တရား အကြောင်း အရှက်မရှိ ပြောထွက် ရဲသေးတယ် ရှင်းပြရဲသေး တယ် ... ဟားဟားဟားဟား ..."

"ကျင့်စဉ်တွေ အားလုံးက ခင်ဗျားတို့ အပိုင်တွေပေ့ါ။ ခင်ဗျားတို့ ကို ဆန့်ကျင်တဲ့ ဘယ်သူ့ကို မဆို ခင်ဗျားတို့ အရှင်မထားဘဲ ဆွေစဉ်မျိုးဆက် သတ်ဖြတ် ပစ်ကြတယ်။ ခင်ဗျားတို့ ဘက်က ဒီလိုကိစ္စ တွေကို အရင် စလုပ်တဲ့ အတွက် ကျူပ်ဘက်ကလည်း ခင်ဗျားတို့ လုပ်ခဲ့ သလို တန်ပြန် လုပ်ခဲ့တာပဲ။ ဒါကိုပဲ ဘာကြောင့် လုပ်ရတယ် ဆိုတာ နားမလည်နိုင် ဖြစ်နေရတယ် ရှိသေး ..."

ရဲရှောင်သည် သူ၏ နှုတ်ခမ်းအား မထီမဲ့မြင် အမူအရာဖြင့် ကွေးညွ တ်နေအောင် ပြုံးလိုက်သည် ။

"ဒါဆို မင်းငါတို့ ကို တိုက်ခိုက်နေတဲ့ ရည်ရွယ်ချက်က ငါတို့ ကို ဆန့် ကျင်နေတဲ့ ပညာရှင်တွေကို ကာကွယ်ဖို့ အတွက်ပေ့ါလေ တရားမျှတတဲ့ သူရဲကောင်းကြီးပေ့ါလေ ဟုတ်လား။ အဟား ... ဘယ်လောက်တောင် ကြီးကျယ် မြတ်လှတဲ့ ရှောင်ဧကရာဇ်ကြီးလဲ။ ဒီနေ့ မင်းသေသွားရင် မင်းမရှိတော့တဲ့ အတွက် ဘယ်သူကများ ငါတို့ နဲ့ ယှဉ်ပြိုင် ရဲတော့မှာ လဲ။ မင်းကို သတ်နိုင်ဖို့ အတွက် ငါတို့ ဂိုဏ်း သုံးခုစလုံး ဆုံးရှုံးမှုတွေ များ ပြီး တော်တော် အထိနာခဲ့တယ်။ ဒါပေမဲ့ ငါတို့ တွေက ပျက်စီးပြိုလဲ သွားမှာ မဟုတ်ဘူး ။ နောက်နှစ်ပေါင်း (၁၀၀၀)အတွင်းမှာ ငါတို့ လူအင် အား ပြန်စုစည်းနိုင်မှာ သေချာပေါက်ပဲ။ ဘယ်လောက်တောင် သနားစ ရာ ကောင်းလိုက်သလဲ။ ဒီနေ့ပြီး နောက်နေ့ရောက်ရင် ထင်ရှား ကျော်ကြားတဲ့ ရှောင်ဧကရာဇ် ဆိုတာ ရှိတော့မှာ မဟုတ်ဘူး ..."

ပညာရှင် အဘိုးအိုသည် ရဲရှောင်အား မထီမဲ့မြင် ပုံစံဖြင့် လှောင်ကာ ပြော လိုက်လေသည် ။

"ကျုပ် အသက်ရှင်နေသမျှ ကာလပတ်လုံး ခင်ဗျားတို့ လုပ်သမျှကို သဘောတူမှာ လည်း မဟုတ်သလို လက်ခံမှာ လည်း မဟုတ်ဘူး ။ ဒီကမ္ဘာပေါ်မှာ ကျုပ် မရှိတော့ဘူး ကျုပ် သေသွားရင်တော့ တစ်မျိုးပေ့ါလေ။ တကယ်လို့ ကျုပ်အသက်ရှင် နေဦးမယ်ဆိုရင် ကျုပ် လုပ်ရမှာ တစ်ခုပဲရှိတယ်။ အေး ... အဲဒါက ခင်ဗျားတို့လို မိမစစ် ဖမစစ်ကောင်တွေ အကုန်လုံးကို တစ်ယောက်မကျန် သုတ်သင် ပစ်ချင်တာပဲ"

ရဲရှောင်တစ်ယောက် ထိုစကားလုံးများအား နာနာကြည်းကြည်းဖြင့် ပြောဆို နေသော်လည်း စိတ်ထဲမှာ မူ မကောင်းလှချေ။ အဘယ့်ကြောင့် ဆိုသော် သူ၏ ညီအား လက်စားချေရန် အတွက် ဂိုဏ်းကြီးသုံးခုကို မဖြိုခွင်း နိုင်သေးလို့ ပင် ဖြစ်သည် ။ ထိုအချက်သည် သူ့အတွက် အကြီးမားဆုံးသော နောင်တရစရာ ကိစ္စတစ်ခုပင်။

"ရပြီ ရပြီ ငါတို့ ဒီလောက်ဆို သဘောပေါက်ပြီ"

အဘိုးအိုသည် သူ၏ ခေါင်းအား ဖြည်းညင်းစွာ ညိတ်လိုက်ရင်း ...

"စကား ပြောနေတာတွေ တော်လောက်ပြီ ငါတို့ မင်းဘဝကို ဇာတ်သိမ်းပေး လိုက်တော့မယ် မင်းလိုကောင်မျိုးကို အသက်ရှင်ခွင့် ပေးစရာ မလိုတော့ဘူး"

အဘိုးကြီးသည် အံတင်းတင်း ကြိတ်လိုက်ပြီး သူ၏ လက်များအား ဝှေ့ယမ်းလိုက်ရင်း ...

"သွား ... အဲဒီကောင်ကို သတ်ကြ။ ဘယ်လိုနည်းနဲ့ ပဲ ဖြစ်ဖြစ် ရအောင် သတ်ခဲ့ကြ"

ပညာရှင်များ အားလုံးသည် သူတို့ ၏ စွမ်းအားများအား အားကုန်သုံး၍ ရဲရှောင်အား ပြင်းပြင်းထန်ထန် တိုက်ခိုက် လိုက်ကြသည် ။ ထို

နောက်ဆုံး တိုက်ခိုက်မှုတွင် ရာနှင့်ချီသော ပညာရှင်များ စွာ သေကျေကြသည် ။ ပြင်းထန်သော တိုက်ပွဲကြီးနှင့်အတူ မရေမတွက်နိုင်အောင် များ ပြားလှသော အလင်းတန်းများ နှင့် အသံဗလံ များ သည် လည်း ဆူညံစွာ ပေါ်ထွက်လျက် ရှိသည် ။ ရဲရှောင်သည် သူ၏ ရန်သူများအား ကြီးမားလှသည့် မုန်တိုင်းကြီး တစ်ခုကဲ့သို့ပင် အစွမ်းကုန် ပြန်လည်၍ တိုက်ခိုက်လိုက်သည် ။

ဂိုဏ်းသုံးဂိုဏ်း၏ စွမ်းအားများကြောင့် ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးပင် တုန်ခါ သွားလေသည် ။ ဖုန်မှုန့်များ သည် လေထဲတွင် လွင့်ပျံလျက် ရှိပြီး မြေပြင်များ သည် လည်း အက်ကွဲ ကုန်ကြသည် ။ ထို့ပြင် ရဲရှောင် ရပ်နေခဲ့သည့် တောင်ကြီးသည် အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်သွားပြီး အပိုင်းအစများ သည် နေရာအနှံ့ ပြန့်ကျဲသွားသည် ။ ပြင်းထန်လှသည့် တိုက်ပွဲကြောင့် သူတို့ ကြားတွင် ရှိသော တောင်များ သည် တစ်ချက်တည်းနှင့်ပင် ပေါက်ကွဲပျက်စီး သွားကြသည် ။

ရဲရှောင် ကျယ်လောင်စွာ ဟားတိုက် ရယ်မောလိုက်သည် ။ တစ်လကျော် ကြာသည့် တိုက်ပွဲကြီး အပြီးတွင် ရဲရှောင် အမှန်တကယ်ကို မောပန်းနေပြီး ခြေတစ်လှမ်း လှမ်းဖို့ တောင် အနိုင်နိုင်ပင် ဖြစ်နေခဲ့သည် ။ သူ့ကိုယ်သူ ကာကွယ်ရန် အတွက်ပင် မလုပ်ချင်တော့ဘဲ တန်ပြန် တိုက်ခိုက်ရမည့် အခြေအနေများကိုလည်း စိတ်မပါတော့ချေ။ ထိုအတွက်ကြောင့် ရဲရှောင်သည် ရန်သူများအား သေမထူး နေမထူး ပုံစံဖြင့်ပင် ခုခံနေခဲ့သည် ။

တိုက်ပွဲသည် ပြင်းထန်သထက် ပြင်းထန် လာခဲ့သည် ။ ရန်သူ့ဘက်မှ ထုတ်လွှတ်လိုက်သော စွမ်းအင် လှိုင်းများ သည် ရဲရှောင်အား ထိမှန်သွားခဲ့သည် ။ ရဲရှောင်၏ ဒဏ်ရာများ သည် ပြင်းထန် လှသော်လည်း သူ

၏ ရန်သူများအား မထိမဲ့မြင် အမူအရာမျိုးဖြင့် ...

"ငါတစ်ယောက်တည်းနဲ့ မင်းတို့ အားလုံးကို မသတ်နိုင်တာဝမ်းနည်းစရာပဲ။ တကယ်လို့ ငါ့မှာ ဒုတိယအကြိမ် အခွင့်အရေးသာ ရှိခဲ့မယ်ဆိုရင် မင်းတို့ ကောင်တွေရဲ့ ခေါင်းတွေကို ဖြတ်ပစ်မယ်လို့ ငါကတိပေးတယ်။ ငါတစ်ယောက်တည်းနဲ့ မင်းတို့လို မျိုးမစစ် ကောင်တွေကို မသတ်နိုင်လိုက်တာ ငါ့ဘဝမှာ နောင်တ အရဆုံးပဲ"

ရဲရှောင်သည် သူ့ဘဝ၏ အကြီးမားဆုံးသော အားနည်းချက်အားနောက်ဆုံးထွက်သက် အချိန်ရောက်မှ သာ နားလည် သဘောပေါက်လိုက်သည် ။ သူသည် အထီးကျန် ဆန်နေသည့် တစ်ကိုယ်တည်း သမားတစ်ယောက်ပင်။

ရဲရှောင်သည် ကမ္ဘာပေါ်တွင် အစွမ်းထက်ဆုံး ပညာရှင်ကြီးတစ်ဦးဖြစ်သော်လည်း အင်အားကြီး ဂိုဏ်းကြီး သုံးဂိုဏ်းနှင့် ရင်ဆိုင်ရသောအခါ သူတစ်ယောက်တည်းဖြင့် ရင်မဆိုင်နိုင်ခဲ့ပေ။

"ဘုန်း"

မိုးထိလုနီးပါး မြင့်မားလှသည့် တောင်ကြီးသည် ပြင်းထန်စွာ ပေါက်ကွဲ ထွက်သွားပြီး ကျောက်ခဲမိုးများ ရွာချလိုက် သကဲ့သို့ပင် ဖြစ်သွားသည် ။ ပေါက်ကွဲ ထွက်သွားသည့် အရှိန်ကြောင့် ဖုန်မှုန့်များ သည် လွင့်စဉ် ထွက်သွားပြီး ကျောက်တုံးများ လည်း အဝေးလိုမ့်ကာ ထွက်သွားသည် ။

ရှောင်ဇကေရာဇ်သည် သူ၏ နောက်ဆုံးထွက်သက် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သော်လည်း အားတင်းလိုက်ရင်း ...

"ငါ့ဘဝမှာ ဘယ်လောက်ပဲ ခက်ခဲတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ ရ

ပါစေ ငါနောင်တ မရခဲ့ဘူး။ ဒါပေမဲ့ ခင်ဗျားတို့လို မကောင်းဆိုးဝါးတွေကို မသုတ်သင် နိုင်တာတော့ ငါ့ကိုယ်ငါ တော်တော်နောင်တ ရမိတယ်။ တကယ်လို့ နောက်ဘဝမှာ ငါ့ဓားကိုသာ ပြန်ကိုင်ခွင့် ရမယ်ဆိုရင် ခင်ဗျားတို့ ကို သတ်ပစ်ပြီး ကောင်းကင်ဘုံ တစ်ခွင်လုံး ကြားသွားအောင်ကို ဟားတိုက် ရယ်မောပစ်မယ် ..."

"ဟမ့် ... သနားစရာကောင်းတဲ့ ရှောင်ဧကရာဇ်ရယ်။ နောက်ဘဝမှာလည်း မင်းပြောသလို ဖြစ်လာစရာ အကြောင်းကို မရှိစေရဘူး"

"ကဲ ကိစ္စလည်း ပြီးပြီဆိုတော့ ငါတို့ သွားကြမယ် ..."

အဘိုးအို အချက်ပြ လိုက်သည် နှင့် တစ်ပြိုင်နက် ပညာရှင် အားလုံးသည် ထွက်ခွာ သွားကြသည် ။

ရှောင်ဧကရာဇ် သေဆုံးသွားသည့် အချိန်တွင် ကောင်းကင်ထက်၌ သေးငယ်လှသော ခရမ်းရောင် အလင်းတန်းလေး တစ်ခု ဖျတ်ခနဲ လင်းလက် သွားသည် ကို မည်သူမှ သတိမထားမိ လိုက်ကြပေ။

လေပြင်းများ တိုက်ခတ်နေသည့် အတွက် ဖုန်မှုန့်များ သည် လွင့်စဉ်လျက် ရှိပြီး ကျောက်တုံး အပိုင်းအစများ သည် လည်း မြေကြီးပေါ်တွင် ဟိုတစ်စ ဒီတစ်စဖြင့် ပြန့်ကျဲလျက် ရှိသည် ။ လေထဲတွင် ရဲရှောင် မသေခင်အချိန်က ပြောခဲ့သည့် စကားများ သည် ပဲ့တင်ထပ် နေပါတော့သည် ။

***

ရဲရှောင် ရုတ်တရက် လန့်နိုး လာခဲ့သည် ...

သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် နာကျင်မှုများကြောင့် ကိုက်ခဲနေသည် ။ နာကျင်မှုများကို အာရုံစိုက်နေသည့် အချိန်မှာ ပင် ရဲရှောင်၏ စိတ်

များ သည် မသေချာ မရေရာမှုများ နှင့် အတူ ရှုပ်ထွေးလျက် ရှိသည် ။

"ဘာတွေ ဖြစ်ကုန်တာလဲ။ ငါ ဂိုဏ်းကြီးသုံးခုနဲ့ တိုက်ခိုက်နေတာ မဟုတ်ဘူး လား။ ငါသေသွားပြီလား။ ငါ့ခန္ဓာကိုယ် ပျက်စီးသွားပြီး ငါ့မှတ်ဉာဏ်တွေ ပျောက်ဆုံး သွားပြီလား။ ငါ့ဝိညာဉ်ကရော ကွယ်ပျောက်သွားခဲ့ပြီလား။ ဟိုလူတွေနဲ့ အပြန်အလှန် တိုက်ခိုက်နေရင်း ငါဘယ်လို အသက်ရှင် ကျန်ရစ်ခဲ့ပါလိမ့်"

ရဲရှောင် သူ၏ မျက်လုံးများအား ဖွင့်ကြည့် လိုက်သည့်အခါ ခမ်းနားထည်ဝါသည့် အခန်းတစ်ခုအား မြင်တွေ့လိုက် ရသည် ။ ထို့နောက် အံ့ဩ တုန်လှုပ်စွာဖြင့် ...

"ငါမသေဘူးပဲ"

ရဲရှောင်သည် ကြီးမား ပြင်းထန်လှသည့် တိုက်ခိုက်မှုများအား ခုခံကာကွယ်နိုင်စွမ်း မရှိခဲ့ပဲ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် အစိတ်စိတ် အမြွာမြွာ ကွဲကြေသွား သကဲ့သို့ပင် ခံစားခဲ့ ရသော်လည်း ယခုအချိန်တွင် မည်သည့် အတွက်ကြောင့် အသက်ရှင် နေရသည် ဆိုသည့် အချက်အား စဉ်းစား မရအောင်ပင် ဖြစ်နေခဲ့သည် ။

ရဲရှောင်သည် စဉ်းစားမရသည့် မဆုံး သူ၏ ခေါင်းများအား တဖျှဉ်းဖျှဉ်း ကုတ်လိုက်ရင်း ...

"ခဏနေပါဦး ... ဩော် ဟုတ်သားပဲဟ ... ငါ့ခန္ဓာကိုယ် ..."

သူ၏ လက်များအား ဆန့်ထုတ်ကြည့် လိုက်သည့် အချိန်တွင် မျက်လုံးများ ပြူးထွက် သွားမတတ်ပင် အံ့ဩသွားခဲ့ ရသည် ။

လက်ချောင်းများ သည် ရှည်လျားပြီး ဖြူဖွေးလျက် ရှိသည် ။ ထိုလက်များ သည် လက်လှပါသည် ဆိုသည့် မိန်းကလေးများ ထက်ပင် ပို

၍ လှနေသည် ။ ရဲရှောင် ပါးစပ် အဟောင်းသားဖြင့်ပင် ဖြစ်သွားရင်း ...

"ဒီလက်တွေက ငါ့ရဲ့ လက်တွေမှ မဟုတ်တာဟ"

သူ၏ လက်ချောင်းများအား ကြည့်ရင်း ရဲရှောင် မှ င်တက် သွားမိသည် ။

ခဏအကြာတွင် ရဲရှောင်သည် အလောတကြီးဖြင့် မှန်တစ်ချပ် ယူလိုက်ပြီး သူ၏ မျက်နှာအား အနီးကပ် ကြည့်လိုက်သည် ။ ရဲရှောင်တစ်ယောက် သူမြင်တွေ့ လိုက်ရသည့် မြင်ကွင်းကြောင့် ဟန်မဆောင်နိုင်ပင် တုန်လှုပ် သွားခဲ့သည် ။

မှန်ထဲတွင် သူမြင်တွေ့ နေရသည် မှာ အသားဖြူဖြူ မျက်ခုံးသွယ်သွယ် အနီရောင် နှုတ်ခမ်းပါးလေးဖြင့် မိန်းမချော ချောနေသည့် အသက် ၁၆နှစ်အရွယ် ကောင်လေး တစ်ယောက်၏ ရုပ်ပင် ဖြစ်လေသည် ။

"လှလိုက်တာ ..."

ယောကျ်ား တစ်ယောက်နှင့် မအပ်စပ်သည့် စကားလုံးအား သုံးမိလိုက်သည့် အတွက် ရဲရှောင် သူ၏ ပါးစပ်အား လက်ဖဝါးဖြင့် အုပ်လိုက်ရင်း ...

"အရမ်းကို ခန့်ညားတဲ့ ရုပ်ရည်ပဲ ..."

ရဲရှောင် ခေါင်းတစ်ချက် ညိတ်လိုက်ရင်း ...

"အင်း အဲဒီလိုသုံးတာ ပိုမှန်လိမ့်မယ်။ ဒါနဲ့ နေစမ်းပါဦး ဘာတွေ ဆက်ဖြစ်မှာ လဲဟ"

ထို့နောက် သူ၏ ခေါင်းထဲမှ အလွန် နာကျင်သော ဝေဒနာအား ခံစားလိုက် ရသည် ။ အဖြစ်အပျက်များ သည် ရဲရှောင်၏ ခေါင်းထဲတွင်

တရိပ်ရိပ် ပေါ်လာလိုက် ပျောက်သွားလိုက်ဖြင့် စဉ်းစား ရလွန်း၍ မှတ်ဉာဏ်များ ထပ်ပြီး ဆုံးရှုံးသွားတော့ မလိုပင် ဖြစ်နေခဲ့သည် ။

ရဲရှောင် သူ၏ ခေါင်းအား မော့လိုက်ပြီး အသက် ခပ်ပြင်းပြင်း ရှူလိုက်သည် ။ သူ၏ စိတ်များအား တည်ငြိမ်အောင် စုစည်းပြီး စဉ်းစားလိုက်သည့် အခါတွင် မှ ...

"ဩော် ... ဟုတ်ပြီ ... ငါသိပြီ ..."

***